# ဒုက္ခသည်ကူညီရေးဌာနချုပ်RHQဆိုသည်မှာ

## ဒုက္ခသည်ဆိုသည်မှာ

အပြည်ပြည်ဆိုင်ရာဒုက္ခသည်စာချုပ်အရဒုက္ခသည်အဖြစ်အသိအမှတ်ပြုခြင်းခံရသည့်ဒုက္ခသည်ဆိုသည်မှာ လူမျိုး၊ဘာသာ၊နိုင်ငံသား၊နိုင်ငံ၏သတ်မှတ်ထားသောလူ့ဘောင်လောကအတွင်းတွင်မိမိ၏နိုင်ငံရေးအမြင်ကို အကြောင်းပြုပြီးညှင်းပန်းနှိပ်စက်မှုကိုခံရမည်ဆိုသည့်ကြောက်လန့်စရာကောင်းသောအကြောင်းအရင်းရှိသည့် အတွက်မိမိ၏နိုင်ငံမဟုတ်သည့်နိုင်ငံတွင်ရောက်ရှိနေသူ၊မိမိနိုင်ငံ၏ကာကွယ်စောင့်ရှောက်မှုကိုရယူနိုင်ခြင်းမရှိ သူ၊သို့မဟုတ်ရယူလိုခြင်းမရှိသူ၊မည်သည့်နိုင်ငံ၏နိုင်ငံသားဖြစ်နေခြင်းမရှိသူ၊မိမိနိုင်ငံသို့ပြန်သွားလိုခြင်းမရှိသူ ကိုခေါ်ပါသည်။၂၀၁၁ ခုနှစ်ဒီဇင်ဘာလ ၃၁ ရက်ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံးမှကာကွယ်မှုနှင့် ကူညီမှုပေးရမည့်ဒုက္ခသည်နှင့်ပြည်တွင်းနေထိုင်နေသည့်ဒုက္ခသည်ဦးရေမှာ ၃၅၄ သိန်းရှိပါသည်။ ထို့အပြင်များစွာသောသူများလည်းခိုလှုံရန်နေရာလိုအပ်နေသည်ဟုခန့်မှန်းထားပါသည်။ ထိုကဲ့သို့သောဒုက္ခသည်၊ပြည်တွင်းတွင်နေထိုင်နေသည့်ဒုက္ခသည်များအားကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာမဟာ မင်းကြီးရုံးကဦးဆောင်ပြီးဂျပန်နိုင်ငံအပါအဝင်နိုင်ငံပေါင်းများစွာ၏ကာကွယ်စောင့်ရှောက်မှုနှင့်ကူညီရေးလုပ် ရှားမှုများကိုဆောင်ရွက်နေပါသည်။ ၂၀၁၁ ခုနှစ်၏ခန့်မှန်းထားသည့်ကမ္ဘာ့လူဦးရေ ၆.၉၇၄ ဘီလီယံတွင်းဒုက္ခ သည် ၅၀၀ သိန်းရှိသည်ဆိုသည့်အချိုးပေါ်ခြေခံပြီးတွက်ပါကကမ္ဘာပေါ်တွင်လူ ၁၉၇ ယောက်တွင် ၁ ယောက် သည်ဒုက္ခသည်ဖြစ်နေပါသည်။

## တတိယနိုင်ငံအခြေချနေထိုင်ရေးဒုက္ခသည်

မိမိနိုင်ငံမှဒုတိယနိုင်ငံသို့ပြောင်းရွှေ့ခိုလှုံနေထိုင်ပြီး၊ထိုနိုင်ငံမှတတိယနိုင်ငံအဖြစ်ဒုက္ခသည်များအားလက်ခံ သောနိုင်ငံသို့ပြောင်းရွှေ့နေထိုင်သောဒုက္ခသည်များကိုခေါ်ပါသည်။

## အင်းဒိုချိုင်းနားဒုက္ခသည်

၁၉၇၅ ခုနှစ်ဗီယက်နမ်၊လာအို၊ကမ္ဘောဒီးယားစသည့်အင်ဒိုချိုင်းနားသုံးနိုင်ငံတွင်ဖြစ်ပွားခဲ့သည့်စစ်ပွဲများအပြီး၊ ဒီမိုကရေစီရရှိရေးအတွက်ပြည်တွင်းစစ်မှလွတ်မြောက်ရန်လှေဖြင့်နိုင်ငံခြားတိုင်းပြည်သို့ထွက်ပြေးခြင်း၊ကုန်း လမ်းဖြင့်အိမ်နီးခြင်းနိုင်ငံများသို့ထွက်ပြေးခြင်းကိုပြုလုပ်ခဲ့သူများဖြစ်ကြပါသည်။လူဦးရေ ၁၃ သိန်းခန့်ရှိသည့် ဒုက္ခသည်များကအာရှတိုက်အတွင်းရှိနိုင်ငံများ၏ဒုက္ခသည်စခန်းများသို့သွားရောက်ခဲ့ပြီး၊လှေဖြင့်ထွက်ပြေးလာ သူအနေဖြင့်အမေရိကန်နိုင်ငံ၊ဩစတြေးလျနိုင်ငံ၊ကနေဒါနိုင်ငံ၊ဂျပန်နိုင်ငံတို့တွင်ခြေချနေထိုင်ကြပါသည်။

## ဒုက္ခသည်များစွာပေါ်ထွက်နေသည့်အဓိကနိုင်ငံများ

(၂၀၀၉ခုနှစ်ဒီဇင်ဘာလ၃၁ရက်နေ့စာရင်းလူဦးရေ)(UNHCRအချက်အလက်များ)




Copyright (C) 2011 Refugee Assistance Headquarters. All Rights Reserved.